အီးပက် အင်တာနက်နှင့် နည်းပညာ အချက်အလက်စာရွက်။

# စစ်ထုတ်ခြင်းနှင့် တားမြစ်ပိတ်ဆို့ခြင်းဆိုတာ ဘာလဲ။

## ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုရာတွင် အသုံးပြုသည့်ပစ္စည်းတွေအတွက် ဘယ်လိုအသုံးပြုသလဲ။

### ဒါက ဘယ်လိုအလုပ်လုပ်သလဲ။

အင်တာနက် ဝန်ဆောင်မှုပေးသူ နဲ့ တခြားအွန်လိုင်းဝန်ဆောင်မှုပေးသူတွေ တော်တော်များများဟာ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုသည့် ပုံရိပ်တွေ ပါဝင်ကြောင်း သိထားတဲ့ ဝက်ဘ်လိပ်စာတွေကို သူတို့ရဲ့ သုံးစွဲသူတွေ ဝင်ရောက်ကြည့်ရှုခြင်းမှ ကာကွယ်လိုကြပါတယ်။ တနည်းအားဖြင့် ကလေးသူငယ် လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုသည့် ပုံရိပ်တွေ ဗီဒီယိုတွေကို အွန်လိုင်းပေါ်တင်ခြင်း၊ အလဲအလှယ်လုပ်ခြင်း သို့မဟုတ် သိုလှောင်သိမ်းဆည်းခြင်းမှ ကာကွယ်လိုကြမှာ ဖြစ်တယ်။ ဒီလိုလုပ်နိုင်ဖို့ သူတို့ဟာ စစ်ထုတ်ခြင်းနဲ့ တားမြစ်ပိတ်ဆို့ခြင်း နည်းပညာတွေကို အသုံးပြုကြပါတယ်။

ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုသည့် ပုံရိပ်တွေ ပါဝင်ကြောင်း သိထားတဲ့ ဝက်ဘ်လိပ်စာတွေကို ကုမ္ပဏီတွေဆီ တိုက်ရိုက်ဖြန့်ပို့လိုက်တဲ့ စာရင်းမှာ ထားလိုက်ပါတယ်။ ဒီကုမ္ပဏီတွေက သူတို့ရဲ့ဝန်ဆောင်မှုအတွက် ဒီစာရင်းတွေကို လုံခြုံရေးမူဝါဒထဲ ထဲ့သွင်းထားလိုက်ပါတယ်။ ဒီစာရင်းမှာပါနေတဲ့ လိပ်စာတခုကို ဝင်ရောက်ဖို့ ကြိုးစားအားထုတ်မှုတွေကို စစ်ထုတ်လိုက်မယ် သို့မဟုတ် တားမြစ်ပိတ်ဆို့ထားလိုက်ပါမယ်။ ဒီစာရင်းတွေကို အရေးပေါ်တိုက်ရိုက်ဖုန်းလိုင်းနဲ့ ရဲတပ်ဖွဲ့ဌာန (နိုင်ငံတကာရဲတပ်ဖွဲ့ အင်တာပို) လို အဖွဲ့အစည်းတွေက ပြုစုပြီး ပေးပို့ထားပါတယ်။ နိုင်ငံတော်တော်များများမှာတော့ အင်တာနက် ဝန်ဆောင်မှုပေးသူတွေအတွက် ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုရာတွင် အသုံးပြုသည့် ပစ္စည်းတွေကို တားမြစ်ပိတ်ဆို့ဖို့ဟာ တရားဝင် လိုအပ်ချက်တခုဖြစ်ပါတယ်။

ရဲတွေအတွက် သိထားပြီးသား ပုံရိပ်တခုခြင်းဆီကို ဓာတ်ပုံဒီအန်အေလို ဟက်ချ်နည်းပညာတွေသုံးပြီး ပုံရိပ်ရဲ့ ဂဏာန်းဆိုင်ရာလက်ဗွေရာ သို့မဟုတ် ဟက်ချ် ကို ဖန်တီးနိုင်ပါတယ်။ ပြီးနောက် ဒီဟက်ချ်တွေကို အချက်အလက်ထဲ ထဲ့သွင်းပြီးတဲ့အခါ ဒီစနစ်ဟာ သူတို့ရဲ့ ဝန်ဆောင်မှုသုံးစွဲနေသူမှ အွန်လိုင်းပေါ်တင်ခြင်း၊ အွန်လိုင်းမှ ကူးယူခြင်း၊ အလဲအလှယ်လုပ်ခြင်း သို့မဟုတ် သိုလှောင်သိမ်းဆည်းခြင်းများလုပ်ဖို့ ကြိုးစားနေတဲ့ ဒီပုံရိပ်ရဲ့ မိတ္တူတွေကို အထောက်အထားရယူနိုင်ပါတယ်။




### အချက်အလက်များ

- စစ်ထုတ်ခြင်းနဲ့ တားမြစ်ပိတ်ဆို့ခြင်းရဲ့ ရည်ရွယ်ချက်ဟာ အွန်လိုင်းပေါ်မှာ တချို့သောအကြောင်းအရာတွေ ရရှိနိုင်နေခြင်းကို ကန့်သန့်ဖို့ပါ။
- စစ်ထုတ်ခြင်းနဲ့ တားမြစ်ပိတ်ဆို့ခြင်းဟာ ရှာဖွေရေးစက်တွေက ရည်ညွှန်းထားတဲ့ အင်တာနက်ရဲ့တစိတ်တပိုင်းက ပစ္စည်းတွေအပေါ်သာ သက်ရောက်နိုင်ပါတယ်။
- စစ်ထုတ်ခြင်းနဲ့ တားမြစ်ပိတ်ဆို့ခြင်းကို (၁) အဓိကစကားလုံးတွေ (ဥပမာ ရှာဖွေတဲ့အခေါ်အဝေါ်တွေ)၊ (၂) တားမြစ်ထားတဲ့ ယူအာအယ်တွေ (ဥပမာ ဝက်ဘ်ဆိုက်တွေ)၊ (၃) ဟက်ချ်တွေ အပေါ်မှာ မူတည်ပြီး ပြုလုပ်နိုင်ပါတယ်။

### သတိပေးချက

စစ်ထုတ်မှုတွေဟာ တရားမဝင်တဲ့ အကြောင်းအရာတွေနဲ့ တရားဝင်အကြောင်းအရာတွေကြားက တူညီမှုကို အမြဲမခွဲခြားပေးနိုင်ပါဘူး။ ဒါဟာ အကြောင်းအရာတွေကို မှားယွင်းစွာ ပိတ်ဆို့ခြင်း (အလွန်အကျွံ ပိတ်ဆို့ခြင်း) အန္တရာယ်တွေ ဖြစ်ပေါ်လာစေနိုင်ပါတယ်။

ဟက်ချ်တွေဟာ ဘာလဲ၊ ဓာတ်ပုံဒီအန်အေဟာ ဘာလဲ သိနိုင်ဖို့ အချက်အလက်စာရွက်ကို ကြည့်ရှုပါ။

---

## ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုရာတွင် အသုံးပြုသော ပစ္စည်းများအား စစ်ထုတ်ခြင်းနှင့် တားမြစ်ပိတ်ဆို့ခြင်း

စစ်ထုတ်ခြင်းနဲ့ တားမြစ်ပိတ်ဆို့ခြင်း နည်းပညာနောက်ကွယ်က အသားတင် အကျိုးရလာဒ်နဲ့ ရည်ရွယ်ချက်ကတော့ အွန်လိုင်းပေါ်မှာ ကလေးလိင်မှုအလွဲသုံးပစ္စည်းတွေ ရရှိနိုင်နေခြင်းကို ကန့်သန့်ဖို့ သို့မဟုတ် လျှော့ချနိုင်ဖို့ ဖြစ်ပါတယ်။ တရားမဝင်တဲ့ ဒီလိုအရာတွေကို မလိုလားအပ်ဘဲ ထိတွေ့ခြင်းမှ ကာကွယ်ခြင်းအားဖြင့် ပိုမိုလုံခြုံတဲ့ အင်တာနက်သုံးစွဲမှုကို ထောက်ပံ့ပေးမှာဖြစ်တယ်။ ဒါ့အပြင် ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုရာတွင် အသုံးပြုသည့် ပစ္စည်းတွေကို လိင်မှုဆိုင်ရာ မလျော်မကန်ပြုသူများက ဝင်ရောက်ကြည့်ရှုခြင်းနဲ့ ဝေမျှခြင်းတွေကိုလည်း ပိတ်ပင်ထားနိုင်မှာ ဖြစ်တယ်။

စစ်ထုတ်ခြင်းနဲ့ တားမြစ်ပိတ်ဆို့ခြင်းဟာ ပုံရိပ်တွေမှာပါဝင်နေတဲ့ ကျူးလွန်ခံရသူတွေ အတွက်လည်း အရေးပါတဲ့ အကျိုးကျေးဇူးတွေ ရနိုင်မယ်။ ပုံရိပ်တွေကို ဝင်ကြည့်လို့ မရနိုင်အောင် လုပ်လိုက်ခြင်းအားဖြင့်၊ စစ်ထုတ်ခြင်းနဲ့ တားမြစ်ပိတ်ဆို့ခြင်း ဖြစ်စဉ်ဟာ ကျူးလွန်ခံရသူတွေရဲ့ ကိုယ်ရေးကိုယ်တာနဲ့ လူသားရဲ့ ဂုဏ်သိက္ခာကိုကာကွယ်ပေးပြီး ကလေးတွေအပေါ်မှာ သက်ရောက်တဲ့ နောက်ပိုင်း ဖြစ်လာနိုင်တဲ့ ဆိုးကျိုးတွေ သက်ရောက်ခြင်းကိုပါ လျော့ကျစေပါတယ်။

ဒီအချက်အလက်စာရွက်ဟာ အီးပက်နိုင်ငံတကာ အဖွဲ့အစည်းမှ ဖန်တီးထားပါတယ်။ ဘာသာပြန်ခြင်းနှင့် ထုတ်ဝေခြင်းအတွက် ယူနီစက်ဖ်မှ ပံ့ပိုးကူညီပါတယ်။

unicef unite for children